နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေ

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၀/၉၆)

၁၃၅၈ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်

(၁၉၉၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ကွန်ပျူတာ** ဆိုသည်မှာ စုဆောင်းထားသော အချက်အလက်များကို တိုက်ဆိုင်စိစစ်၍ လိုအပ်သောအဖြေ၊ ပုံစံဇယားတို့ကို တိကျမှန်ကန်စွာ ထုတ်လုပ်ပေးနိုင်သည့် တစ်ဦးချင်းသုံးစက်ငယ်များ၊ အများသုံးအလတ်စားနှင့် အကြီးစားအီလက်ထရွန်နစ် စက်ကိရိယာကိုဆိုသည်။ ယင်းစကားရပ်တွင် ဆက်သွယ်ရေးဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့် အီလက်ထရွန်နစ် စက်ကိရိယာလည်းပါဝင်သည်၊

(ခ) **ကွန်ပျူတာအမာထည် (Hardware)** ဆိုသည်မှာ ကွန်ပျူတာနှင့် ကွန်ပျူတာတွင်ပါဝင်သည့် စက်ပစ္စည်းများ၊ အရန်စက်ပစ္စည်းများကိုဆိုသည်၊

(ဂ) **ကွန်ပျူတာအပျော့ထည် (Software)** ဆိုသည်မှာ ကွန်ပျူတာကို လိုအပ်သည့်အတိုင်း ညွှန်ကြားနိုင်ရန် စီစဉ်ရေးဆွဲထားသည့် ကွန်ပျူတာပရိုဂရမ်ကိုဆိုသည်၊

(ဃ) **ကွန်ပျူတာကွန်ရက်** ဆိုသည်မှာ ကွန်ပျူတာကို အသုံးပြု၍ ဂြိုဟ်တုမှ တစ်ဆင့်ဖြစ်စေ၊ အခြားနည်းပညာတစ်ရပ်ရပ်မှ တစ်ဆင့်ဖြစ်စေ ဆက်သွယ်သည့်စနစ်ကိုဆိုသည်၊

(င) **သတင်းဆိုင်ရာနည်းပညာ** ဆိုသည်မှာ သတင်းအချက်အလက်များကို အီလက်ထရွန်နစ်စနစ်ဖြင့် ဖြန့်ချိသည့် နည်းပညာကိုဆိုသည်၊

(စ) **ကွန်ပျူတာပညာရှင်** ဆိုသည်မှာ ပြည်တွင်း သို့မဟုတ် ပြည်ပမှ ကွန်ပျူတာပညာဆိုင်ရာဘွဲ့တစ်ခုခုကိုဖြစ်စေ၊ ဘွဲ့ကြိုဒီပလိုမာ သို့မဟုတ် ဘွဲ့လွန်ဒီပလိုမာတစ်ခုခုကိုဖြစ်စေ၊ ရရှိထားသူကိုဆိုသည်။ ယင်းစကားရပ်တွင် ကွန်ပျူတာပရိုဂရမ်ရေးသားနည်းများကို တတ်ကျွမ်းသူလည်းပါဝင်သည်၊

(ဆ) **ကွန်ပျူတာလုပ်ငန်းရှင်** ဆိုသည်မှာ ကွန်ပျူတာအမာထည် သို့မဟုတ် ကွန်ပျူတာအပျော့ထည်ကို ပြည်တွင်းတွင် ထုတ်လုပ်ရောင်းချခြင်း၊ ပြည်ပသို့ တင်ပို့ရောင်းချခြင်း သို့မဟုတ် ပြည်ပမှ ဝယ်ယူတင်သွင်းခြင်းလုပ်ငန်း လုပ်ကိုင်သူကို ဆိုသည်။ ယင်းစကားရပ်တွင် ကွန်ပျူတာစက်ကို ပြုပြင်ထိန်းသိမ်းသော ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူနှင့် ပုဂ္ဂလိက ကွန်ပျူတာသင်တန်း တည်ထောင်ဖွင့်လှစ်လုပ်ကိုင်သူလည်း ပါဝင်သည်၊

(ဇ) **ကွန်ပျူတာဝါသနာရှင်** ဆိုသည်မှာ ကွန်ပျူတာပညာကို စိတ်ဝင်စားပြီး တစ်နည်းနည်းဖြင့် လေ့လာဆည်းပူးနေသူကိုဆိုသည်။ ယင်းစကားရပ်တွင် ကွန်ပျူတာကို တစ်နည်းနည်းဖြင့် အသုံးချနေသူလည်း ပါဝင်သည်၊

(ဈ) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီကိုဆိုသည်၊

(ည) **အသင်းချုပ်** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ကိုဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ထွန်းရေးအတွက် ကွန်ပျူတာပညာဖြင့် အထောက်အကူပြုရန်၊

(ခ) ကွန်ပျူတာပညာဖွံ့ဖြိုးရေးနှင့် ပြန့်ပွားရေးအတွက် လိုအပ်သော အစီအမံများကို ချမှတ်ဆောင်ရွက်ရန်၊

(ဂ) လူငယ်လူရွယ်များ၊ အထူးသဖြင့် ကျောင်းသူကျောင်းသားများ ကွန်ပျူတာပညာလေ့လာဆည်းပူးခွင့် ရရှိစေရေးအတွက် အခွင့်အလမ်းများ ဖန်တီးပေးရန်၊

(ဃ) နိုင်ငံတကာတွင် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ကွန်ပျူတာပညာရပ်များကို လေ့လာဆည်းပူး၍ နိုင်ငံတော်အတွက် အကျိုးအရှိဆုံး အသုံးချနိုင်ရန်၊

(င) လုပ်ငန်းနယ်ပယ်အသီးသီးတွင် ကွန်ပျူတာပညာအသုံးချမှု ကျယ်ကျယ်ပြန့်ပြန့်ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(စ) ကွန်ပျူတာ အပျော့ထည်များ သို့မဟုတ် သတင်းအချက်အလက်များ ပြည်တွင်းသို့ တင်သွင်းခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန်။

## အခန်း (၃)
## မြန်မာနိုင်ငံကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီ ဖွဲ့စည်းခြင်း

၄။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် -

(က) အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေး ကောင်စီကို ဖွဲ့စည်းရမည် -

(၁) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဥက္ကဋ္ဌ တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်

(၂) သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဝန်ကြီးများ အဖွဲ့ဝင်များ သို့မဟုတ် ဒုတိယဝန်ကြီးများ

(၃) သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများမှ အဖွဲ့ဝင်များ အကြီးအကဲများ

(၄) သင့်လျော်သည့် ကွန်ပျူတာပညာရှင်များ အဖွဲ့ဝင်များ

(၅) ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန အတွင်းရေးမှူး

(ခ) ကောင်စီကို ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေး မှူးတို့ကို သတ်မှတ်နိုင်သည်။

၅။ အစိုးရဝန်ထမ်းမဟုတ်သော ကောင်စီဝင်များသည် ပညာရေးဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၆။ အဆင့်မြင့်ပညာဦးစီးဌာနသည် -

(က) ကောင်စီ၏အသုံးစရိတ်များကို ကျခံရမည်၊

(ခ) ကောင်စီ၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ပေးရမည်။

# အခန်း (၄)

# ကောင်စီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၇။ ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်အတွင်း ခေတ်နှင့်အညီ ကွန်ပျူတာပညာဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ခ) နိုင်ငံတော်အတွင်း ကွန်ပျူတာပညာအသုံးချမှု စနစ်တကျ ပြန့်ပွားရေးနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊

(ဂ) ကွန်ပျူတာကွန်ရက်များနှင့် စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊ ထိန်းချုပ်ခြင်း၊

(ဃ) လူငယ်လူရွယ်များ၊ အထူးသဖြင့် ကျောင်းသူကျောင်းသားများ အခြေခံကွန်ပျူတာပညာ လေ့လာဆည်းပူးနိုင်ခွင့်ရရှိနိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊

(င) သတင်းဆိုင်ရာ နည်းပညာနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊ ထိန်းချုပ်ခြင်း၊

(စ) ဤဥပဒေအရဖွဲ့စည်းသော အသင်းချုပ်နှင့် ကွန်ပျူတာဆိုင်ရာ အသင်းများ၏ လုပ်ငန်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ဆ) ပြည်တွင်းသို့ တင်သွင်းခွင့်မပြုသော သို့မဟုတ် ပြည်ပသို့ တင်ပို့ခွင့်မပြုသော ကွန်ပျူတာအပျော့ထည်အမျိုးအစားများနှင့် သတင်းအချက်အလက်များကို သတ်မှတ်ခြင်း၊

(ဇ) နိုင်ငံတော်အတွင်း လုပ်ငန်းနယ်ပယ်အသီးသီးတွင် ကွန်ပျူတာပညာအသုံးချမှု ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်လာစေရန် အစီအမံများချမှတ်ခြင်း၊

(ဈ) လိုအပ်သော ကွန်ပျူတာပညာရပ်ဆိုင်ရာ လုပ်ငန်းကော်မတီများ၊ အဖွဲ့များဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ည) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီမဟုတ်ဘဲ ဖွဲ့စည်းတည်ထောင်ထားသော သို့မဟုတ် ရပ်တည်နေသော ကွန်ပျူတာဆိုင်ရာ အသင်းတစ်ခုခုကိုဖြစ်စေ၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ သို့မဟုတ် သက်ဆိုင်ရာအသင်းဖွဲ့စည်းပုံ စည်းမျဉ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုသော ကွန်ပျူတာဆိုင်ရာ အသင်းတစ်ခုခုကိုဖြစ်စေ ဖျက်သိမ်းခြင်း၊

(ဋ) ဤဥပဒေပါ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရေးအတွက် လိုအပ်သည့် လုပ်ငန်းအစီအစဉ်များကို ချမှတ်ဆောင်ရွက်ခြင်း။

## အခန်း (၅)
## ကွန်ပျူတာဆိုင်ရာ အသင်းများဖွဲ့စည်းခြင်း

၈။ ကွန်ပျူတာဝါသနာရှင်အသင်း အဆင့်ဆင့်ကို အောက်ပါအတိုင်း ဖွဲ့စည်းနိုင်သည် -

(က) ကွန်ပျူတာဝါသနာရှင်အခြေခံအသင်း၊

(ခ) မြို့နယ်ကွန်ပျူတာဝါသနာရှင်အသင်း၊

(ဂ) ခရိုင်ကွန်ပျူတာဝါသနာရှင်အသင်း၊

(ဃ) ပြည်နယ်၊ တိုင်း ကွန်ပျူတာဝါသနာရှင်အသင်း၊

(င) မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်း၊

၉။ (က) ကွန်ပျူတာဝါသနာရှင် အခြေခံအသင်းကို ကွန်ပျူတာဝါသနာရှင် အနည်းဆုံး (၇)ဦးဖြင့် ဖွဲ့စည်းနိုင်သည်၊

(ခ) မြို့နယ်ကွန်ပျူတာဝါသနာရှင်အသင်းကို ကွန်ပျူတာဝါသနာရှင် အခြေခံအသင်းများက သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်သည်၊

(ဂ) ခရိုင် ကွန်ပျူတာဝါသနာရှင်အသင်းကို မြို့နယ်ကွန်ပျူတာဝါသနာရှင် အသင်းများက သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်သည်၊

(ဃ) ပြည်နယ်၊ တိုင်း ကွန်ပျူတာဝါသနာရှင်အသင်းကို ခရိုင်ကွန်ပျူတာဝါသနာရှင်အသင်းများက သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်စေလွှတ်သောကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်သည်၊

(င) မြန်မာနိုင်ငံကွန်ပျူတာဝါသနာရှင်အသင်းကို ပြည်နယ်၊ တိုင်းကွန်ပျူတာဝါသနာရှင်အသင်းများက သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်သည်။

၁၀။ ကွန်ပျူတာပညာရှင်အသင်း အဆင့်ဆင့်ကို အောက်ပါအတိုင်း ဖွဲ့စည်းနိုင်သည် -

(က) မြို့နယ်ကွန်ပျူတာပညာရှင်အသင်း၊

(ခ) ခရိုင်ကွန်ပျူတာပညာရှင်အသင်း၊

(ဂ) ပြည်နယ်၊ တိုင်း ကွန်ပျူတာပညာရှင်အသင်း၊

(ဃ) မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း။

၁၁။ (က) မြို့နယ်ကွန်ပျူတာပညာရှင်အသင်းကို မြို့နယ်အတွင်းရှိ ကွန်ပျူတာပညာရှင် အနည်းဆုံး (၇)ဦးဖြင့် ဖွဲ့စည်းနိုင်သည်၊

(ခ) ခရိုင်ကွန်ပျူတာပညာရှင်အသင်းကို မြို့နယ်ကွန်ပျူတာ ပညာရှင်အသင်းများက သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ မြို့နယ်ကွန်ပျူတာ ပညာရှင်အသင်းများ ဖွဲ့စည်းနိုင်ခြင်းမရှိသေးလျှင် ခရိုင်အတွင်းရှိ ကွန်ပျူတာပညာရှင် အနည်းဆုံး (၇)ဦးဖြင့်လည်းကောင်း ဖွဲ့စည်းနိုင်သည်၊

(ဂ) ပြည်နယ်၊ တိုင်း ကွန်ပျူတာပညာရှင်အသင်းကို ခရိုင်ကွန်ပျူတာ ပညာရှင်အသင်းများက သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ ခရိုင်ကွန်ပျူတာပညာရှင်အသင်းများ ဖွဲ့စည်းနိုင်ခြင်းမရှိသေးလျှင် ပြည်နယ်၊ တိုင်းအတွင်းရှိ ကွန်ပျူတာပညာရှင် အနည်းဆုံး (၇)ဦးဖြင့်လည်းကောင်း ဖွဲ့စည်းနိုင်သည်၊

(ဃ) မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းကို ပြည်နယ်၊ တိုင်း ကွန်ပျူတာပညာရှင်အသင်းများက သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်သည်။

၁၂။ ကွန်ပျူတာလုပ်ငန်းရှင် အသင်းအဆင့်ဆင့်ကို အောက်ပါအတိုင်း ဖွဲ့စည်းနိုင်သည် -

(က) မြို့နယ်ကွန်ပျူတာလုပ်ငန်းရှင်အသင်း၊

(ခ) ခရိုင်ကွန်ပျူတာလုပ်ငန်းရှင်အသင်း၊

(ဂ) ပြည်၊ တိုင်း ကွန်ပျူတာလုပ်ငန်းရှင်အသင်း၊

(ဃ) မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း။

၁၃။ (က) မြို့နယ်ကွန်ပျူတာလုပ်ငန်းရှင်အသင်းကို မြို့နယ်အတွင်းရှိ ကွန်ပျူတာလုပ်ငန်းရှင် အနည်းဆုံး (၇)ဦးဖြင့် ဖွဲ့စည်းနိုင်သည်၊

(ခ) ခရိုင်ကွန်ပျူတာလုပ်ငန်းရှင်အသင်းကို မြို့နယ်ကွန်ပျူတာ လုပ်ငန်းရှင်အသင်းများက သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ မြို့နယ်ကွန်ပျူတာ လုပ်ငန်းရှင်အသင်းများ ဖွဲ့စည်းနိုင်ခြင်းမရှိသေးလျှင် ခရိုင်အတွင်းရှိ ကွန်ပျူတာလုပ်ငန်းရှင် အနည်းဆုံး (၇)ဦးဖြင့် လည်းကောင်း ဖွဲ့စည်းနိုင်သည်၊

(ဂ) ပြည်နယ်၊ တိုင်း ကွန်ပျူတာလုပ်ငန်းရှင်အသင်းကို ခရိုင်ကွန်ပျူတာလုပ်ငန်းရှင်အသင်းများက သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ ခရိုင်ကွန်ပျူတာလုပ်ငန်းရှင်အသင်းများ ဖွဲ့စည်းနိုင်ခြင်းမရှိသေးလျှင် ပြည်နယ်၊ တိုင်းအတွင်းရှိ ကွန်ပျူတာလုပ်ငန်းရှင် အနည်းဆုံး (၇)ဦးဖြင့်လည်းကောင်း ဖွဲ့စည်းနိုင်သည်၊

(ဃ) မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းကို ပြည်နယ်၊ တိုင်း ကွန်ပျူတာလုပ်ငန်းရှင်အသင်းများက သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်သည်။

၁၄။ ပုဒ်မ ၈၊ ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၂ ပါ အသင်းတစ်ခုခုကို ဖွဲ့စည်းလိုသူများသည် အသင်းဖွဲ့စည်းပုံစည်းမျဉ်းကို ရေးဆွဲပြီး သက်ဆိုင်ရာအသင်းဖွဲ့စည်းရေးဆိုင်ရာ အစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၁၅။ ပုဒ်မ ၁၄ အရ ရေးဆွဲသည့် အသင်းဖွဲ့စည်းပုံ စည်းမျဉ်းတွင် အောက်ပါတို့နှင့် စပ်လျဉ်းသည့် သတ်မှတ်ချက်များ ပါဝင်စေရမည် -

(က) အသင်းဖွဲ့စည်းခြင်း ရည်ရွယ်ချက်၊

(ခ) အခြေခံအသင်း သို့မဟုတ် အသင်းသားများဖြင့် ဖွဲ့စည်းသည့် အသင်းဖြစ်လျှင် အသင်းသားများ၏ အရည်အချင်းသတ်မှတ်ချက်၊

(ဂ) အမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်သတ်မှတ်ချက်၊

(ဃ) တစ်ဆင့်မြင့်အသင်းသို့ ကိုယ်စားလှယ်ရွေးချယ်စေလွှတ်ခြင်း၊

(င) ရန်ပုံငွေထားရှိခြင်းနှင့် သုံးစွဲခြင်း၊

(စ) အစည်းအဝေးများ ကျင်းပခြင်း၊

(ဆ) သက်ဆိုင်ရာအသင်းအမျိုးအစားအလိုက် လိုအပ်သည့် အခြားသတ်မှတ်ချက်များ။

၁၆။ ပုဒ်မ ၈၊ ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၂ ပါ အသင်းများ၏ အမှုဆောင်အဖွဲ့ သက်တမ်းသည် ဖွဲ့စည်းသည့်နေ့မှစ၍ ၂ နှစ်ဖြစ်သည်။

၁၇။ ပုဒ်မ ၈၊ ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၂ ပါအသင်းများသည် အမြတ်အစွန်းကို မရည်ရွယ်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်သည်။

# အခန်း (၆)
# အသင်းချုပ်ဖွဲ့စည်းခြင်း

၁၈။ ကောင်စီသည် -

(က) မြန်မာနိုင်ငံအသင်း ကွန်ပျူတာဝါသနာရှင်များအသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်များအသင်းနှင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များ အသင်းတို့က သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်စေလွှတ်သည့် ကိုယ်စား လှယ်များ၊ မိမိက ခန့်အပ်တာဝန်ပေးသည့် ပုဂ္ဂိုလ်များပါဝင်စေလျက် မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ်ကို ဖွဲ့စည်းရမည်၊

(ခ) အသင်းချုပ်၏ အဖွဲ့ဝင်ဦးရေကို လိုအပ်သလို သတ်မှတ်နိုင်သည်၊

(ဂ) အသင်းချုပ်၏ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို ခန့်အပ်တာဝန်ပေးရမည်။ လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို ခန့်အပ်တာဝန် ပေးနိုင်သည်၊

(ဃ) အသင်းချုပ်တွင် မိမိက ခန့်အပ်တာဝန်ပေးသည့် ပုဂ္ဂိုလ်များ၏ သက်တမ်းကို သတ်မှတ်ရမည်။

၁၉။ အသင်းချုပ်တွင် အသင်းအသီးသီး၏ ကိုယ်စားလှယ်အဖြစ် ပါဝင်သူများ၏ သက်တမ်းသည် မိမိအား ရွေးချယ်စေလွှတ်သော သက်ဆိုင်ရာကွန်ပျူတာ အသင်းအမှု ဆောင်အဖွဲ့၏ သက်တမ်းနှင့်အညီဖြစ်စေရမည်။

၂၀။ အသင်းချုပ်သည် အစည်းအဝေးကျင်းပခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်လုပ်ငန်း ဆောင်ရွက်ပုံနည်းစနစ်များကို သတ်မှတ်ထားရှိရမည်။

၂၁။ အသင်းချုပ်သည် မိမိ၏နေ့စဉ်ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရုံးအဖွဲ့ကို ဖွဲ့စည်းထားရှိရမည်။

၂၂။ အသင်းချုပ်သည် အမြတ်အစွန်းကို မရည်ရွယ်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်း ဖြစ်သည်။

၂၃။ အသင်းချုပ်သည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ခွင့်၊ စဉ်ဆက်မပြတ်ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိသည်။

## အခန်း (၇)
## အသင်းချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၄။ အသင်းချုပ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်အတွင်း ခေတ်နှင့်အညီ ကွန်ပျူတာပညာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်ခြင်း၊

(ခ) ကွန်ပျူတာပညာဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သုတေသနလုပ်ငန်း လုပ်ကိုင်သူများအား အားပေးကူညီခြင်း၊

(ဂ) လုပ်ငန်းနယ်ပယ်အသီးသီးတွင် ကွန်ပျူတာပညာအသုံးချမှု ကျယ်ကျယ်ပြန့်ပြန့် တိုးတက်လာစေရန် ဆောင်ရွက်ခြင်း၊

(ဃ) ကွန်ပျူတာသင်တန်းကျောင်းများတွင် သင်ကြားပို့ချရမည့် သင်ရိုးညွှန်းတမ်းနှင့်သင်ရိုးမာတိကာတို့ကို သတ်မှတ်ခြင်း၊

(င) ကွန်ပျူတာသင်တန်းကျောင်းများ၏ သင်ကြားပို့ချမှုအဆင့် မီ မမီ လိုအပ်သလိုစစ်ဆေးခြင်း၊

(စ) ကွန်ပျူတာပညာဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ခြင်း၊ ဟောပြောပွဲများကျင်းပခြင်း၊ စွမ်းရည်ပြိုင်ပွဲများ ပြုလုပ်ခြင်း၊ လေ့လာရေးအစီအစဉ်များပြုလုပ်ခြင်း၊

(ဆ) ကွန်ပျူတာပညာဆိုင်ရာ စာမေးပွဲများကျင်းပခြင်း၊ အောင်လက်မှတ်များ တံဆိပ်များ ပေးအပ်ခြင်း၊

(ဇ) ကွန်ပျူတာပညာဖွံ့ဖြိုးရေးနှင့် စပ်လျဉ်း၍ အခါအားလျော်စွာ ကောင်စီသို့ အကြံပြုတင်ပြခြင်း၊

(ဈ) ကွန်ပျူတာအမာထည်နှင့် ကွန်ပျူတာအပျော့ထည်များ အရည်အသွေး မြင့်မားလာစေရေးအတွက် ထုတ်လုပ်သူများအား ပံ့ပိုးကူညီခြင်း၊

(ည) ကွန်ပျူတာအမာထည်နှင့် ကွန်ပျူတာအပျော့ထည်များကို ထုတ်လုပ်၍ ပြည်တွင်း၊ ပြည်ပသို့ ရောင်းချနိုင်ရေးအတွက် ပံ့ပိုးကူညီခြင်း၊

(ဋ) ကောင်စီ၏လမ်းညွှန်ချက်နှင့်အညီ သတင်းဆိုင်ရာနည်းပညာစီမံချက် ချမှတ်ခြင်း၊

(ဌ) အပြည်ပြည်ဆိုင်ရာ ကွန်ပျူတာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ဍ) ကွန်ပျူတာပညာဆိုင်ရာ ပြည်တွင်း၊ ပြည်ပဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ စာတမ်းဖတ်ပွဲများ ကျင်းပရေး၊ တက်ရောက်ရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သလို စီမံဆောင်ရွက်ခြင်း၊

(ဎ) မြန်မာဘာသာဖြင့် ကွန်ပျူတာကို အသုံးချနိုင်မည့် စနစ်တစ်ခုဖြစ်မြောက်ရေးကို ရည်မှန်းဆောင်ရွက်ခြင်း၊

(ဏ) အစိုးရဌာန၊ အဖွဲ့အစည်းများက ကွန်ပျူတာနှင့်စပ်လျဉ်း၍ အကြံဉာဏ်များ တောင်းခံလာပါက အကြံဉာဏ်ပေးခြင်း၊

(တ) ကွန်ပျူတာဆိုင်ရာ စာအုပ်၊ စာတမ်း၊ စာစောင်၊ ဂျာနယ်များပြုစုခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ဖြန့်ချိရောင်းချခြင်း၊

(ထ) စာကြည့်တိုက် ဖွင့်လှစ်ထားရှိပြီး ကွန်ပျူတာဆိုင်ရာ စာပေများကို ပြည်တွင်း ပြည်ပမှ ဝယ်ယူစုဆောင်းခြင်း၊

(ဒ) လူငယ်လူရွယ်များ အထူးသဖြင့် ကျောင်းသူကျောင်းသားများ အခြေခံကွန်ပျူတာပညာရရှိရေးနှင့် ထူးချွန်သော ကွန်ပျူတာပညာရှင်များ ပေါ်ထွန်းရေးအတွက် ဆောင်ရွက်ခြင်း၊

(ဓ) ထူးချွန်သော ကွန်ပျူတာပညာရှင်များ၊ တီထွင်သူများအား ဆုငွေချီးမြှင့်ခြင်း၊

(န) ထူးချွန်သော ကွန်ပျူတာပညာရှင်များ၊ တီထွင်သူများအား နိုင်ငံတော်က ဂုဏ်ထူးဆောင်ဘွဲ့များ၊ တံဆိပ်များချီးမြှင့်အပ်နှင်းနိုင်ရန် ကောင်စီသို့ ထောက်ခံတင်ပြခြင်း၊

(ပ) ကွန်ပျူတာပညာရှင်များ၊ တီထွင်သူများ၏ အကျိုးခံစားခွင့်များကို အကာအကွယ်ပေးရေးနှင့်စပ်လျဉ်း၍ ကောင်စီသို့ အကြံပြုတင်ပြခြင်း၊

(ဖ) လိုအပ်သော ကော်မတီများ၊ အဖွဲ့များ ဖွဲ့စည်း၍ ယင်းကော်မတီများ အဖွဲ့များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဗ) ကောင်စီက သတ်မှတ်ပေးသော ကွန်ပျူတာပညာနှင့်စပ်လျဉ်းသည့် လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

## အခန်း (၈)

## ဘဏ္ဍာရေး

၂၅။ အသင်းချုပ်သည် -

(က) မိမိရန်ပုံငွေဖြင့် ရပ်တည်ရမည်။ ထို့ပြင် မိမိ၏ဘဏ္ဍာရေးရာ ကိစ္စအဝဝကို လည်းတာဝန်ယူရည်၊

(ခ) မိမိကျင့်သုံးမည့် ဘဏ္ဍာရေးစည်းမျဉ်းများကို ရေးဆွဲထားရှိရမည်၊

(ဂ) အစိုးရဌာန၊ အဖွဲ့အစည်း တစ်ခုခုထံမှဖြစ်စေ၊ ငွေရေးကြေးရေးအဖွဲ့အစည်း တစ်ခုခုထံမှဖြစ်စေ ထောက်ပံ့ငွေ သို့မဟုတ် ချေးငွေကို ရယူသုံးစွဲခွင့်ရှိသည်၊

(ဃ) မိမိပိုင်ငွေများကို ဘဏ်တွင် ငွေစာရင်းဖွင့်လှစ်၍ အပ်နှံထားရှိပြီး ဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီ သုံးစွဲရမည်၊

(င) ငွေစာရင်းများကို စနစ်တကျထိန်းသိမ်းထားရှိရမည်၊

(စ) လတ်တလောအသုံးပြုရန် မလိုအပ်သည့်ရန်ပုံငွေကို တိုးပွားစေရန် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ခြင်း၊ ရန်ပုံငွေရှာဖွေခြင်း ပြုနိုင်သည်၊

(ဆ) ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းထောက်ပံ့သော ငွေ၊ ပစ္စည်းများကို လက်ခံရယူ၍ ကွန်ပျူတာဆိုင်ရာ အသင်းများသို့ သင့်လျော်သလို ခွဲဝေသုံးစွဲခွင့်ပြုနိုင်သည်၊

(ဇ) မိမိပိုင် နိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ်ထားရှိပြီး တည်ဆဲဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲခွင့်ရှိသည်၊

(ဈ) ငွေစာရင်းထိန်းသိမ်းခြင်း၊ ငွေစာရင်းများကို စစ်ဆေးခြင်းတို့နှင့် စပ်လျဉ်း၍ လိုအပ်ပါက စာရင်းစစ်ချုပ်ရုံး၏ အကူအညီကို တောင်းခံရယူနိုင်သည်။

## အခန်း (၉)
## ကြိုတင်ခွင့်ပြုချက်နှင့် လိုင်စင်

၂၆။ (က) ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနသည် မိမိ၏ ကြိုတင်ခွင့်ပြုချက်ဖြင့်သာ ပြည်ပမှတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်း သို့မဟုတ် အသုံးပြုခြင်းပြုနိုင်သည့် ကွန်ပျူတာအမျိုးအစားများကို ကောင်စီ၏ သဘောတူညီချက်ဖြင့်အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်နိုင်သည်၊

(ခ) ပုဒ်မခွဲ(က)အရ ကွန်ပျူတာအမျိုးအစားများကို သတ်မှတ်ရာတွင် အချက်အလက်များကို ထုတ်လွှင့်ပေးပို့နိုင်သည့် သို့မဟုတ် လက်ခံဖမ်းယူနိုင်သည့် ကိရိယာတပ်ဆင်ပါရှိသော ကွန်ပျူတာအမျိုးအစားများကို အဓိကထား၍ သတ်မှတ်ရမည်၊

(ဂ) ပုဒ်မခွဲ(က)အရ ကွန်ပျူတာအမျိုးအစားများကို သတ်မှတ်ရာတွင် ပညာသင်ကြားရေးသက်သက်အတွက်ဖြစ်စေ၊ ရုံးလုပ်ငန်းသက်သက်အတွက်ဖြစ်စေ စီးပွားရေးလုပ်ငန်းကို အထောက်အကူဖြစ်စေသည့် ဆောင်ရွက်မှုသက်သက်အတွက်ဖြစ်စေ အသုံးပြုသည့် ကွန်ပျူတာများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၇။ ပုဒ်မ ၂၆ ပုဒ်မခွဲ (က) အရ သတ်မှတ်သည့် ကွန်ပျူတာအမျိုးအစားကို ပြည်ပမှ တင်သွင်းလိုသူ၊ လက်ဝယ်ထားရှိလိုသူ သို့မဟုတ် အသုံးပြုလိုသူသည် ကြိုတင်ခွင့်ပြုချက်

ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၂၈။ ကွန်ပျူတာကွန်ရက်ထူထောင်ခြင်း၊ ကွန်ပျူတာကွန်ရက်အတွင်း ဝင်ရောက်ချိတ်ဆက်ခြင်း ပြုလုပ်လိုသူသည် ကြိုတင်ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၂၉။ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနသည် ပုဒ်မ ၂၇ အရဖြစ်စေ၊ ပုဒ်မ ၂၈ အရဖြစ်စေ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ကြိုတင်ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ကြိုတင်ခွင့်ပြုချက်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၃၀။ ပုဒ်မ ၂၆ ပုဒ်မခွဲ(က)အရ သတ်မှတ်သည့် ကွန်ပျူတာအမျိုးအစားကို လက်ဝယ်ထားရှိခြင်း၊ အသုံးပြုခြင်းပြုလိုသူသည် လိုင်စင်ထုတ်ပေးခြင်း၊ လိုင်စင်သက်တမ်း သတ်မှတ်ခြင်း၊ လိုင်စင်ခနှင့် လိုင်စင်စည်းကမ်းများ သတ်မှတ်ခြင်းတို့နှင့်စပ်လျဉ်း၍ ဆက်သွယ်ရေး စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်ထားသည့်အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၁၀)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၁။ မည်သူမဆို ပုဒ်မ ၂၆ ပုဒ်မခွဲ (က)အရ သတ်မှတ်သည့် ကွန်ပျူတာအမျိုးအစားကို ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ ပြည်ပမှ တင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်း သို့မဟုတ် အသုံးပြုခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်အနည်းဆုံး ၇ နှစ်မှ အများဆုံး ၁၅ နှစ်အထိ ချမှတ်ရမည့် အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၃၂။ မည်သူမဆိုဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက် မရှိဘဲ ကွန်ပျူတာကွန်ရက်ထူထောင်ခြင်း သို့မဟုတ် ကွန်ပျူတာကွန်ရက်အတွင်း ဝင်ရောက်

ချိတ်ဆက်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် အနည်းဆုံး ၇ နှစ်မှ အများဆုံး ၁၅ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၃၃။ မည်သူမဆို ပုဒ်မ ၂၆ ပုဒ်မခွဲ(က)အရ သတ်မှတ်သည့် ကွန်ပျူတာအမျိုးအစားနှင့် စပ်လျဉ်း၍ ကောင်စီကဖြစ်စေ၊ ပညာရေးဝန်ကြီးဌာနကဖြစ်စေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနကဖြစ်စေ၊ ထုတ်ပြန်ထားမြစ်သော အမိန့်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၆ လအထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၄။ မည်သူမဆို ကွန်ပျူတာကွန်ရက်ကို အသုံးပြု၍ဖြစ်စေ၊ သတင်းဆိုင်ရာ နည်းပညာ တစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်အနည်းဆုံး ၇ နှစ်မှ အများဆုံး ၁၅ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(က) နိုင်ငံတော်၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်၏စီးပွားရေး သို့မဟုတ် အမျိုးသားယဉ်ကျေးမှုကို ထိခိုက်စေသည့် ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ခြင်း၊

(ခ) နိုင်ငံတော်၏လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်၏စီးပွားရေး သို့မဟုတ် အမျိုးသားယဉ်ကျေးမှုနှင့်စပ်လျဉ်းသည့် နိုင်ငံတော်၏လျှို့ဝှက်ချက်နှင့် သက်ဆိုင်သော သတင်းအချက်အလက်တစ်ရပ်ရပ်ကို ရယူခြင်း သို့မဟုတ် ပေးပို့ဖြန့်ချိခြင်း။

၃၅။ မည်သူမဆို ကောင်စီက ပုဒ်မ ၇ ပုဒ်မခွဲ(ဂ)အရဖြစ်စေ၊ ပုဒ်မခွဲ(င)အရဖြစ်စေ ထိန်းချုပ်ခြင်းနှင့်စပ်လျဉ်း၍ ထုတ်ပြန်သော အမိန့်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၆။ မည်သူမဆို ကောင်စီက ပုဒ်မ ၇ ပုဒ်မခွဲ(ဆ)အရ သတ်မှတ်ထားသော ကွန်ပျူတာ အပျော့ထည်အမျိုးအစားတစ်ခုခု သို့မဟုတ် သတင်းအချက်အလက် တစ်ရပ်ရပ်ကို ပြည်တွင်းသို့ တင်သွင်းကြောင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၅ နှစ်မှ အများဆုံး ၁၀ နှစ်အထိ ချမှတ်ရမည့် အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၃၇။ မည်သူမဆိုကောင်စီက ပုဒ်မ ၇ ပုဒ်မခွဲ(ည)အရ ကွန်ပျူတာဆိုင်ရာအသင်းတစ်ခုခုကို ဖျက်သိမ်းသည့် အမိန့်အား လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရ မည်။

၃၈။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ် ကျူးလွန်ရန် အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်းပြုလျှင်ဖြစ်စေ၊ ယင်းပြစ်မှုတစ်ရပ်ရပ် ကျူးလွန်ရာတွင် အားပေးကူညီ ခြင်းပြုလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်း ခံရမည်။

၃၉။ တရားရုံးသည် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်ဒဏ်ချမှတ်လျှင် ပြစ်မှုနှင့် သက်ဆိုင်သည့်ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

## အခန်း (၁၁)

## အထွေထွေ

၄၀။ ကွန်ပျူတာနည်းပညာ လွှဲပြောင်းရေးနှင့်စပ်လျဉ်း၍ သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးရေး ဥပဒေအခန်း(၇)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၄၁။ ဤဥပဒေအရ တရားစွဲဆိုရာတွင် ပြည်ထဲရေးဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုမိန့်ကို ရယူရမည်။

၄၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) ပညာရေးဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ကောင်စီ သို့မဟုတ် ပညာရေးဝန်ကြီးဌာနသည် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်၊

(ဂ) ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနသည် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့